







# စပိန်နိုင်ငံဆိုင်ရာ အချက်အလက်များ







# စပိန်နိုင်ငံဆိုင်ရာအချက်အလက်များ

## တည်နေရာအကျယ်အဝန်း

၁။ စပိန်နိုင်ငံသည် ဥရောပတိုက်အနောက်တောင်ဘက်အစွန်းတွင် ထိုးထွက်နေသော အိုက်ဗီးရီးယား ကျွန်းဆွယ်ကြီးတခုလုံး၏ ၈၅ ရာခိုင်နှုန်းခန့်ဖြစ်ပြီး အနောက်ဥရောပတွင် ဒုတိယ အကြီးဆုံးဖြစ်သည်။ မြောက်ဘက်တွင် ပြင်သစ်နိုင်ငံနှင့် ဗစ္စကေးပင်လယ်အော်၊ အနောက်ဘက် တွင် ပေါ်တူဂီနိုင်ငံနှင့် အတ္တလန္တိတ်သမုဒ္ဒရာ၊ တောင်ဘက်တွင် အတ္တလန္တိတ်သမုဒ္ဒရာ၊ ဂျီဗရော်တာ ရေလက်ကြားနှင့် မြေထဲပင်လယ်၊ အရှေ့ဖက်တွင် မြေထဲပင်လယ်တို့ဖြင့် ဝန်းရံလျက်ရှိသည်။ စုစုပေါင်းဧရိယာအကျယ်အဝန်းမှာ ၁၉၄၈၉၇ စတုရန်းမိုင်ဖြစ်သည်။ ၁၉၂၈၇၄ စတုရန်းမိုင်သည် ကုန်းမြေဖြစ်ပြီး ၂၀၂၃ စတုရန်းမိုင်သည် ရေပြင်ဖြစ်သည်။ မြို့တော်သည် မက်ဒရစ် ဖြစ်သည်။



## သမိုင်းကြောင်း

၂။ စပိန်နိုင်ငံတွင် မူလက နေထိုင်သူများမှာ အိုက်ဗီးရီးယန်းလူမျိုးများ ဖြစ်လေသည်။ ၎င်းတို့မှာ ပြင်သစ်နိုင်ငံမှ ဂေါလလူမျိုးတို့နှင့် ဗြိတိန်နိုင်ငံမှ ဗြိတိန်လူမျိုးတို့နှင့် အနွယ်ချင်းတူ၏။ ၎င်းတို့နှင့် နောက်မှရောက်လာကြသော ကဲ့လူမျိုး၊ ကားသေ့ဂ်လူမျိုး၊ ရောမလူမျိုး၊ တျူတန်လူမျိုး၊ အစ္စလမ်အယူဝါဒ မူးဝါးလူမျိုးများမှာ အချင်းချင်းအမျိုးရောယှက်လာရာ နောက်ဆုံး၌ စပိန်လူမျိုးပေါ်ပေါက်လာသည်။ ဘီစီ ၁၀၀၀ ခန့်က စပိန်နိုင်ငံသို့ ကုန်သွယ်ရန် ပင်လယ်ခရီးဖြင့် ဆိုက်ရောက်လာကြသော ဖီနီရှန်လူမျိုးတို့သည် စပိန်နိုင်ငံ အရှေ့တောင်ပိုင်းဒေသတွင် အိုက်ဗီးရီးယန်းလူမျိုးတို့နှင့်တွေ့ဆုံ၍၊ ထိုတွေ့ဆုံရာအရပ်တွင် ယင်းတို့နှင့်အတူတကွနေထိုင်လာကြသည်။

၃။ ခရစ်နှစ် ၇၁၁တွင် အာဖရိကတိုက်မြောက်ပိုင်းမှ မူးဝါးလူမျိုးတို့သည် ဂျီဗရော်လတာရေလက်ကြားကို ဖြတ်၍ စပိန်နိုင်ငံအတွင်းသို့ အလုံးအရင်းနှင့် ဝင်ရောက်တိုက်ခိုက်ကြသည်။ စပိန်တိုင်းရင်းသားများသာမက စပိန်နိုင်ငံကို ကြီးစိုးအုပ်ချုပ်နေကြသော ဂေါ့သ်လူမျိုးတို့ပင်လျှင် မူးဝါးစစ်သည်တော်များကို တွန်းလှန်ခုခံခြင်းမပြုနိုင်သဖြင့် စပိန်နိုင်ငံတွင်းမှထွက်ပြေးကြရသည်။ မူးဝါးလူမျိုးဆိုသည်မှာ အစ္စလမ်အယူဝါဒီ အာရပ်လူမျိုးနှင့် ဆီးရီးယန်းလူမျိုးများ ဖြစ်ကြသည်။

၄။ မူးဝါးလူမျိုးတို့သည် စပိန်တို့ ထကြွပုန်ကန်နိုင်စွမ်းရှိမည်မဟုတ်ဟု ထင်ခဲ့သောကြောင့်လည်းကောင်း၊ မူးဝါးလူမျိုးများအထဲတွင်ပင် သွေးကွဲမှုများပေါ်ပေါက်လာခြင်းကြောင့်လည်းကောင်း စပိန်လူမျိုးတို့ တုံ့ပြန်တိုက်ခိုက်လာခြင်းကို ခုခံတွန်းလှန်ရန် မစွမ်းနိုင်တော့ပေ။ စပိန်တော်လှန်ရေးအင်အားစုကြီးနှင့် မူးဝါးနယ်ချဲ့သမားတို့သည် ၁၂၁၂ ခုနှစ်တွင် ကက်စတီးနယ်တိုလိုဆာလွင်ပြင်၌ ရင်ဆိုင်မိကြ၍ ပြင်းထန်သော တိုက်ပွဲကြီးဖြစ်ပွားခဲ့သည်။ ထိုတိုက်ပွဲတွင် မူးဝါးတို့အရှုံးကြီးရှုံးသဖြင့် သူတို့၏နောက်ဆုံးခြေကုပ်တစ်ခုဖြစ်သော စပိန်နိုင်ငံအရှေ့တောင်ပိုင်းရှိ ဂရာနားဒါးနယ်အတွင်းသို့ ဆုတ်ပြေးကြရသည်။

၅။ ၁၄၉၂ ခုနှစ်ကား စပိန်နိုင်ငံသမိုင်းတွင် ထူးခြားသောနှစ်ပင် ဖြစ်သည်။ စပိန်နိုင်ငံသည် လွတ်လပ်၍စည်းလုံးသော်လည်း ဂရာနားဒါးနယ်သည် အစ္စလာမ်အယူဝါဒီ မူးဝါးလူမျိုးတို့၏ လက်၌ပင်ရှိနေသေးသည်။ ဖာဒီနန်နှင့်အစ္စဘဲလားတို့သည် ကော်ဒိုးဗားအမည်ရှိ စပိန်စစ်ဗိုလ်ကြီးကို စေလွှတ်၍ မူးဝါးတို့အား နှင်ထုတ်စေရာ ၁၄၉၂ ခုနှစ်တွင် မူးဝါးတို့သည် ဂရားနားဒါးနယ်မှ လုံးဝထွက်ခွာပေးရသည်။ ထိုနှစ်တွင်ပင် စပိန်နိုင်ငံမှ စေလွှတ်လိုက်သော ကိုလံဘတ်သည်

ကမ္ဘာသစ်ကို ရှာဖွေတွေ့ရှိခဲ့ခြင်းဖြင့် စပိန်နိုင်ငံ၏ ဘဏ္ဍာရေးအခြေအနေကို အကြီးအကျယ် တိုးတက်စေခဲ့ရာ ဥရောပတိုက်တွင် စပိန်နိုင်ငံသည် အကြွယ်ဝဆုံးနိုင်ငံတစ်ခု ဖြစ်လာခဲ့သည်။ ၁၅၁၉ ခုနှစ်တွင် ရောမသာသနာစောင့် ဧကရာဇ် ပဉ္စမချားလ်လက်ထက်၌ စပိန်နိုင်ငံသည် ဥရောပတိုက် အလယ်ပိုင်းနိုင်ငံ၏ စစ်ဖက်ရေးနှင့် နိုင်ငံရေးရာများတွင် ပါဝင်လာသည်။ ပဉ္စမချားလ်ဘုရင်သည် ၁၅၅၆ ခုနှစ်တွင် ထီးနန်းကိုစွန့်ပြီး သားတော် ဒုတိယ ဖိလစ်က ဆက်ခံစိုးစံသည်။ ဖိလစ်ဘုရင်လက်ထက်တွင် စပိန်နိုင်ငံအတွင်း၌ သာသနာရေးဖိနှိပ်မှုမှာ အတော်ပင်ပြင်းထန်လာခဲ့သည်။ အကြွင်းအကျန်မျှသာဖြစ်သော မွတ်စလင်တို့အား ဖိနှိပ်ရာတွင် မွတ်စလင်တို့ တော်လှန်ပုန်ကန်ကြသော်လည်း အင်အားချင်းမမျှသဖြင့် မအောင်မြင်ခဲ့ကြပေ။ ယဟူဒီလူမျိုးနှင့် ပရိုတက်စတင့်ဂိုဏ်းဝင်များကိုလည်း အတိအလင်း နှိပ်ကွက်ခဲ့သည်။

၆။ ဒုတိယဖိလစ်ဘုရင်သည် အင်္ဂလန်ပြည်ကို ဗရင်ဂျီဂိုဏ်းဝင်နိုင်ငံဖြစ်စေလိုသောအကြံနှင့် အင်္ဂလန်ပြည့်ရှင်မေရီဘုရင်မကိုလက်ထပ်ခဲ့သည်။ သို့သော် ၎င်း၏အကြံမအောင်မြင်မီ မေရီဘုရင်မ ကွယ်လွန်သွားပြီးလျှင် ပရိုတက်စတင့်ဂိုဏ်းဝင်ဖြစ်သောအဲလစ်ဇဘက်ဘုရင်မ နန်းတက်ခဲ့ပါသည်။ ထိုအခါ အကြမ်းနည်းသုံးကာ အင်္ဂလန်ပြည်ကို ဗရင်ဂျီနိုင်ငံဖြစ်အောင် ကြံဆောင်ရန်အတွက် ၁၅၈၈ ခုနှစ်အတွင်း အာမာဒါခေါ် ကြီးကျယ်ခမ်းနားလှသော ရေတပ်မတော်ကြီးကို တည်ဆောက်ခဲ့သည်။ သင်္ဘောကြီးများမှာ ကြီးကျယ်၍ ခိုင်ခံ့လှသော်လည်း အင်္ဂလန်ပြည်သို့ စေလွှတ်တိုက်ခိုက်စေသည့်အခါတွင် အကြီးအကျယ်ပျက်စီးဆုံးရှုံးခဲ့ရသည်။

၇။ စပိန်ရေတပ်ကြီး ပျက်စီးဆုံးရှုံးရသည့်အချိန်မှစ၍ စပိန်နိုင်ငံသည် တဖြည်းဖြည်း တန်ခိုးမှေးမှိန်လာခဲ့သည်။ နိုင်ငံတော်မှာလည်း တဖြည်းဖြည်းယိမ်းယိုင်ပြိုကွဲလာခဲ့သည်။ ၁၆၄၀ ပြည့်နှစ်တွင် စပိန်လက်အောက်ခံ ပေါ်တူဂီပြည်သည် သွေးတစ်ပေါက်မကျရဘဲနှင့် လွတ်မြောက်ခဲ့သည်။ ၁၇၀၁ ခုနှစ်မှ ၁၇၁၄ ခုနှစ်အထိ နှစ်များအတွင်း ဖြစ်ပွားခဲ့သော စပိန်ပိုင်နက် အများအပြား လက်လွှတ်ခဲ့ရသည်။ စပိန်နိုင်ငံကိုလည်း ပြင်သစ်မင်းသားတစ်ပါး လာရောက်အုပ်စိုးခဲ့သည်။

၈။ ၎င်းမင်းသားမှာ ပြင်သစ်ဘုရင်၏မြေးတော် အန်ဇူးမြို့စားပဉ္စမဖိလစ်ဖြစ်၍ စပိန်နိုင်ငံတွင် ၁၉၃၁ ခုနှစ်အထိ အုပ်စိုးခဲ့သော ဗူးဗွန်မင်းဆက်တွင် ပထမဦးဆုံးဘုရင် ဖြစ်သည်။ ထိုအခါမှစ၍ စပိန်နိုင်ငံမှာ တဖြည်းဖြည်း တန်ခိုးမှေးမှိန်ခဲ့သည်။ စပိန်ထီးနန်းဆက်ခံရေးစစ်ပွဲအတွင်းတွင် (ခရစ် ၁၇၀၄-၁၇၁၄) ဂျီဗရော်လတာနယ်၊ မီနောကားနယ်၊ အီတလီပြည်နယ်ရှိ နယ်များနှင့် နယ်သာလန်ပြည်နယ်များ ဆုံးရှုံးခဲ့ရသည်။ ထိုပြင် စပိန်နိုင်ငံအတွက် အကျိုးမရှိသော စပိန်

အီတလီစစ်ပွဲများ ဖြစ်ပွားခဲ့သည်။ ၁၇၈၉ ခုနှစ် ပြင်သစ်တော်လှန်ရေးကြီးတွင် စပိန်ဘုရင်သည် ဆွေတော်မျိုးတော်ဖြစ်သော ပြင်သစ်ဘုရင်ဖက်မှ ကူညီခဲ့သည်။ သို့ရာတွင် တော်လှန်သူများ အောင်မြင်ပြီးနောက် တန်ခိုးတက်လာသော နပိုလီယန်၏ ပရိယာယ်ကြောင့် စပိန်နိုင်ငံရှိ ပြင်သစ် နန်းဆက်ပင် ပြုတ်ခဲ့ရသည်။

၉။ နပိုလီယန်သည် ညီတော်ဂျိုးဇက်အား စပိန်နိုင်ငံ၏ထီးနန်းကို အပ်နှင်းခဲ့သည်။ မကြာမီ စပိန်နိုင်ငံသားအပေါင်းတို့သည် ဂျိုးဇက်ဘုရင်အား လက်နက်စွဲကိုင်ကာ တော်လှန်ခဲ့ကြသည်။ နပိုလီယန် တန်ခိုးကြီးမားလာမည်ကိုစိုးရိမ်သော အင်္ဂလိပ်တို့က စပိန်သူပုန်တို့အား ကူညီသဖြင့် စပိန်တော်လှန်ရေးကြီး အောင်မြင်ခဲ့သည်။

၁၀။ စပိန်နိုင်ငံသည် နပိုလီယန်၏ ပြင်သစ်စစ်တပ်များ လက်အောက်မှ လွတ်မြောက်ခဲ့ပြီး နပိုလီယန်က အကျဉ်းချထားသော ဖူးဗွန်မင်းဆက် သတ္တမဖာဒီနန်ဘုရင် လွတ်မြောက်လာပြီးလျှင် စပိန်နိုင်ငံကို ပြန်လည်စိုးစံခဲ့သည်။ ၁၈၃၃ ခုနှစ်တွင် သတ္တမဖာဒီနန် ဘုရင်နတ်ရွာစံသောအခါ၊ အမေရိကတိုက်ရှိ စပိန်ပိုင်နယ်အားလုံးကို လက်လွှတ်ခဲ့ရသည်။ ကျန်ရှိနေသေးသော ကျူးဗား နှင့် ပွားတိုးရီးကိုးကိုလည်း ၁၈၉၈ ခုနှစ်တွင် ဖြစ်ပွားသော စပိန်အမေရိကန်စစ်ပွဲတွင် လုံး၀ ဆုံးရှုံးခဲ့သည်။

၁၁။ သတ္တမ ဖာဒီနန်ဘုရင်၏ ထီးနန်းရိုက်ရာကို သမီးတော် ဒုတိယအစ္စဘဲလား မင်းသမီးမှ ဆက်ခံစိုးစံခဲ့သည်။ သို့ရာတွင် ဘထွေးတော် ဒွန်ကာလိုမင်းသားက ၎င်းသာလျှင် စပိန်ထီးနန်းကို စိုးစံထိုက်သည်ဟုဆိုကာ တော်လှန်ပုန်ကန်ရာ ပြည်တွင်းစစ်ပွဲကြီး ဖြစ်ပွားရပြန်သည်။ ၁၈၇၃ ခုနှစ်မှ ၁၈၇၅ ခုနှစ်အထိ စပိန်သမ္မတနိုင်ငံကို ပထမဆုံးအကြိမ် တည်ထောင်ခဲ့သော်လည်း အမှန်အားဖြင့် စပိန်နိုင်ငံတွင် အုပ်ချုပ်သောအစိုးရဟူ၍ အတည်တကျမရှိဘဲ ပြည်တွင်းဆူပူမှု များသာလျှင် ဖြစ်ပွားလျက်ရှိခဲ့သည်။ ထို့ကြောင့် ၁၈၇၅ ခုနှစ်တွင် ဆူပူလှုပ်ရှားထကြွမှုများကို ရွံရှာလာကြသော စစ်ဖက်အာဏာပိုင်များက ဖူးဗွန်မင်းဆက်ဖြစ်သော ဒုတိယ အစ္စဘဲလား၏ သားတော် ၁၂ဆက်မြောက် အယ်လ်ဖွန်းဆိုးအား စပိန်ထီးနန်းကိုအပ်ကြသည်။ အယ်လ်ဖွန်းဆိုး ဘုရင်သည် ပြည်တွင်းဆူပူမှုအားလုံးတို့ကို လက်နက်ဖြင့် နှိပ်ကွပ်ခဲ့ပြီး ၁၈၇၆ ခုနှစ်တွင် အခြေခံ ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ နန်းသက် ၁၀ နှစ်အကြာ ၁၈၈၅ ခုနှစ်တွင် အယ်လ်ဖွန်းဆိုးမင်းသား အရွယ်ရောက်လာသည်အထိ ဘုရင်မကြီးခရစ္စတီးနားက နန်းစောင့် မယ်တော်ဘုရင်မအဖြစ် အုပ်ချုပ်လာခဲ့ရသည်။ ၁၈၉၅ခုနှစ်၌ ကျူးဗားကျွန်းတွင် နောက်တစ်ကြိမ်

ပုန်ကန်ထကြွသောကြောင့် ဗိုလ်ချုပ်ဝေးလားကို စေလွှတ်နှိမ်နင်းစေရာတွင် သူပုန်များကို ရက်ရက်စက်စက်နှိပ်ကွပ်မှုကြောင့် ၁၈၉၈ ခုနှစ်တွင် စပိန်နှင့်အမေရိကန်တို့စစ်ဖြစ်ပွားခဲ့ရသည်။ ထိုစစ်ပွဲတွင် စပိန်တို့ အရေးနိမ့်ပြီးလျှင် ကျူးဗားနှင့် ပွားတိုရီးကိုးကိုသာမက ဖိလစ်ပိုင်ကျွန်းစုကိုပါ လက်လွှတ်လိုက်ရသည်။ ၁၃ ဆက်မြောက် အလ်လ်ဖွန်းဆိုးမင်းသားသည် ၁၉၀၂ ခုနှစ်တွင် စပိန်နိုင်ငံကို ဘုရင်အဖြစ် စိုးစံခဲ့ရသည်။ ထိုအချိန်တွင် နိုင်ငံတွင်းပြဿနာများမှာ အထူးပင် ရှုပ်ထွေးလျက်ရှိသည်။ အထူးသဖြင့် ခရစ်ယာန်ဂိုဏ်းကြီးသည် ဘုရင်အား ဩဇာလွှမ်းမိုးရန် ကြံရွယ်လျက်ရှိသည်။ ပထမကမ္ဘာစစ်ပွဲကြီးအတွင်းက စပိန်နိုင်ငံသည် ကြားနေဖြစ်ခဲ့သည်။ သို့ရာတွင် နိုင်ငံတွင်းဆူပူမှုများ၊ သပိတ်ကိစ္စများကြောင့် စက်မှုလက်မှုလုပ်ငန်းများတိုးတက်ရေးမှာ ပြန်လည်ဆူပူလာပြန်သဖြင့် စစ်တပ်များ စေလွှတ်နှိပ်နင်းခဲ့ရသည်။ ဤတစ်ကြိမ်တွင် ဘုရင်အစိုးရအင်အားမှာ တဖြည်းဖြည်းပြိုကွဲစပြုလာပြီဖြစ်၍ နိုင်ငံမှာလည်း စည်းလုံးညီညွတ်ခြင်း မရှိတော့ချေ။

၁၂။ ၁၉၂၃ ခုနှစ်တွင် ဗိုလ်ချုပ်ပရီးမိုးသေရီဗေးရားသည် စစ်ဖက်ဆိုင်ရာ အကူအညီဖြင့် အုပ်ချုပ်ရေးအာဏာကို ရယူပြီး ဘုရင်လက်အောက်တွင် စပိန်နိုင်ငံကို အုပ်စိုးသည်။ အမှန်အားဖြင့် ရီးဗေးရားကိုယ်တိုင် အာဏာရှင်အဖြစ် အုပ်စိုးခြင်းပင်ဖြစ်၏။ အယ်လ်ဖွန်းဆိုး ဘုရင်သည်လည်း သူကိုယ်တိုင် အုပ်မနိုင်စိုးမရဖြစ်နေသောကြောင့် ရီးဗေးရားအုပ်ချုပ်ခြင်းကို ခွင့်ပြုထားခဲ့ခြင်းဖြစ်သည်။

၁၃။ ဗိုလ်ချုပ်ရီးဗေးရားသည် မျိုးချစ်စိတ်ထန်သန်၍ ဖြောင့်မတ်တည်ကြည်သော ပုဂ္ဂိုလ်တစ်ဦးပင် ဖြစ်သည်။ စပိန်နိုင်ငံအခြေအနေအရ ပြုပြင်ရေးလုပ်ငန်းများကို အာဏာရှင်စနစ်ဖြင့် ဆောင်ရွက်ရသည်။ ၎င်းသည် သူပုန်များကို ပြင်သစ်တို့၏အကူအညီဖြင့် နှိမ်နင်းခဲ့ပြီး သပိတ်ကိစ္စများကိုလည်း အပြင်းအထန် နှိပ်ကွပ်နိုင်ခဲ့သဖြင့် အရေးပါအရာရောက်သော ပြုပြင်ရေးလုပ်ငန်းများကို အောင်မြင်စွာဆောင်ရွက်ခဲ့ရာ စပိန်နိုင်ငံမှာ အလွန်တိုးတက်ကောင်းမွန်လာခဲ့ပါသည်။

၁၄။ သို့သော် ၁၉၂၉ ခုနှစ်နောက်တွင် ပေါ်ပေါက်လာသော စီးပွားရေးညှဲ့ဖျင်းမှုကြောင့် စပိန်နိုင်ငံသည် ပြဿနာသစ်များ ရင်ဆိုင်ခဲ့ရသည်။ ဗိုလ်ချုပ်ရီဗေးရားသည် စပိန်စစ်တပ်ကြီးကို ပြုပြင်ရန် ကြိုးစားခဲ့သည်။ သို့ရာတွင် ၎င်း၏ကြိုးပမ်းချက်မှာ မအောင်မြင်သဖြင့် စစ်တပ်နှင့်ဘုရင်၏ ထောက်ခံမှုကိုလည်းမရသောကြောင့် ၁၉၃၀ ပြည့်နှစ် ဇန်နဝါရီလ ၃၀ ရက်နေ့တွင် ဝန်ကြီးချုပ်

ရာထူးမှ နုတ်ထွက်ခဲ့ရသည်။ စပိန်လူထုသည် အာဏာရှင်စနစ်ကို ထောက်ခံအားပေးသော အယ်လ်ဖွန်းဆိုဘုရင်အား မလိုလားကြတော့ချေ။ အယ်လ်ဖွန်းဆိုးဘုရင်သည် နောက်ဆုံး ကြိုးစားခြင်းအနေဖြင့် တိုင်းသူပြည်သားတို့အား လွတ်လပ်မှုအခွင့်အရေး ပိုမိုပေးနိုင်မည့်အစိုးရ အဖွဲ့မျိုးရရှိစေမည်ဟု ကတိပြုကာ တိုင်းပြုပြည်ပြုလွှတ်တော် ရွေးကောက်ပွဲကြီးကို ကျင်းပခဲ့ သည်။ ၁၉၃၁ ခုနှစ်၊ ဧပြီလတွင် ကျင်းပသော ၎င်းရွေးကောက်ပွဲတွင် သမ္မတဂိုဏ်းသားများဖက်မှ မဲပေါင်းများစွာဖြင့်အနိုင်ရသဖြင့် အယ်လ်ဖွန်းဆိုးဘုရင်မှာ စပိန်နိုင်ငံတွင်းမှထွက်ပြေးတိမ်းရှောင် ခဲ့ရသည်။ ထိုနောက် စပိန်နိုင်ငံဥပဒေပြုလွှတ်တော်သည် သမ္မတအုပ်ချုပ်ရေးအခြေခံဥပဒေကို ၁၉၃၁ ခုနှစ်၊ ဒီဇင်ဘာလ ၁၀ ရက်နေ့တွင် ပြဋ္ဌာန်းအတည်ပြုခဲ့သည်။ သမ္မတအဖြစ် အဲလကာတာသာမိုးရားအား တင်မြောက်ခဲ့သည်။ ဝန်ကြီးချုပ်မှာ မန်နွယ်အသားနယားဖြစ်ပါသည်။ အခြေခံဥပဒေသစ်အရ ဗရင်ဂျီဂိုဏ်းမှာသိသိသာသာဖိနှိပ်ထားခြင်းခံရသည်။ အမျိုးသမီးများလည်း မဲပေးခွင့်ရခဲ့ပါသည်။ သို့သော် သမ္မတအစိုးရမှာ အခက်အခဲအမျိုးမျိုးကြောင့် နိုင်ငံကောင်းရာ ကောင်းကြောင်း ဆောင်ရွက်သင့်သလောက် မဆောင်ရွက်နိုင်ခဲ့ပေ။

၁၅။ ၁၉၃၃ ခုနှစ်၊ အောက်တိုဘာလတွင် ဥပဒေပြုလွှတ်တော် ရွေးကောက်ပွဲကြီး ကျင်းပရာ ကွန်ဆားဗေးတစ်အုပ်စုဖက်မှ အနိုင်ရခဲ့လေသည်။ ထိုအခါ အင်အားတောင့်တင်းနေသော ဖက်ဆစ်အဖွဲ့နှင့် ဗရင်ဂျီဂိုဏ်းဝင်တို့၏ အဖွဲ့နှစ်ဖွဲ့တွင် ရှေးဦးစွာ ဗရင်ဂျီအဖွဲ့က ရာထူးရယူပြီး အုပ်ချုပ်ခဲ့သည်။ ထိုသို့ ဗရင်ဂျီအဖွဲ့က အုပ်ချုပ်သည်နှင့်တစ်ပြိုင်နက် လက်ဝဲနိုင်ငံရေးသမားများ နှင့် အလုပ်သမားများကို စတင်ဖိနှိပ်သည်။ ထိုကြောင့် ၁၉၃၃ ခုနှစ်တွင် အထွေထွေသပိတ်ကြီး ပေါ်ပေါက်လာပြီးလျှင် အလုပ်သမားများစုပေါင်း၍ အစိုးရအား တော်လှန်ပုန်ကန်ရာ၊ ဗရင်ဂျီ အဖွဲ့အစိုးရသည် မိုရိုကိုတွင် ငြိမ်းချမ်းရေး မရရှိဘဲ ၁၉၃၆ ခုနှစ် ရွေးကောက်ပွဲကြီး ကျင်းပခဲ့ရ သည်။ ၎င်းရွေးကောက်ပွဲတွင် လက်ဝဲနိုင်ငံရေးအဖွဲ့များ စုပေါင်းထားသည့် လူထုတပ်ဦးက အနိုင်ရသောကြောင့် လက်ဝဲအစိုးရအဖွဲ့ ဖွဲ့စည်းနိုင်ခဲ့လေသည်။

၁၆။ ၎င်းအစိုးရအဖွဲ့သည် လယ်ယာလုပ်ငန်းဆိုင်ရာ ပြုလုပ်မှုများနှင့် အခြားပြုပြင်မှုများကို ဖြစ်မြောက်အောင်ဆောင်ရွက်ခဲ့ရာ မြေရှင်ကြီးများနှင့် ဗရင်ဂျီဂိုဏ်းတို့က အတိုက်အခံပြုခြင်းကို ခံခဲ့ရလေသည်။ မကြာမီပင် စစ်တပ်ပုန်ကန်မှုကြီးတစ်ရပ်ပေါ်ပေါက်ခဲ့သည်။ ခေါင်းဆောင်များသည် ဖရန်စစ္စကိုနှင့် အေမီးလျိုးမိုးလားတို့ပင် ဖြစ်ပါသည်။ တော်လှန်ရေးသမားများသည် မျိုးချစ် တော်လှန်ရေးသမားများ ဟူသောအမည်ကိုယူကာ အစိုးရတပ်များကို အပြင်းအထန် တိုက်ခိုက် ကြသည်။ တစ်ယူသန်နိုင်ငံရေးသမားများသည် အစိုးရဖက်နှင့်သူပုန်ဖက် နှစ်ဖက်စလုံးကို ကူညီ

အားပေးကြသည်။ အစိုးရဖက်ကို ဆိုရှယ်ခေါင်းဆောင်ကြီးဖြစ်သူ ဝန်ကြီးချုပ် ဖရစ်စစ္စကိုလား ဂိုကာဗာလျေးရိုးက ကူညီအားပေးသည်။ ၁၉၃၆ ခုနှစ် နိုဝင်ဘာလတွင် ဖရန်ကို၏ ဖက်ဆစ်တပ် ကြီးသည် မဒရစ်မြို့တော်အနီးသို့ ဆိုက်ရောက်လာ၍ ဆိုရှယ်လစ်အစိုးရအဖွဲ့သည် ဗလင်းရှာ မြို့သို့ရွှေ့ပြောင်းခဲ့ရပြီးနောက်၊ စိတ်မချရသေးသဖြင့် ၁၉၃၇ ခုနှစ်အတွင်း ဗာစီလိုးနားမြို့သို့ တစ်ဆင့်ပြောင်းရွှေ့ရုံးထိုင်ခဲ့သည်။ တော်လှန်ရေးဦးစီးအဖွဲ့ကလည်း ဗူးရဂိုမြို့တွင် ရုံးထိုင်ပြီး စင်ပြိုင်အစိုးရအဖွဲ့သစ်ဖွဲ့ကာ ဖရန်ကိုအား အာဏာရှင်အဖြစ် တင်မြှောက်ခဲ့ကြသည်။

၁၇။ ဖရန်ကို၏အစိုးရအဖွဲ့သစ်အား ဂျာမနီနှင့် အီတလီနိုင်ငံတို့က ချက်ချင်းအသိအမှတ်ပြုခဲ့ ကြသည်။ ထိုမျှမကဘဲ ၎င်းနိုင်ငံနှစ်ခုသည် လက်နက်ခဲယမ်းမီးကျောက်နှင့်တကွ လေယာဉ်ပျံ စသည်တို့ကိုပါ ဖရန်ကိုထံ ပေးပို့ကူညီခဲ့ခြင်းကြောင့် ဖရန်ကို၏ဖက်ဆစ်တပ်ကြီးမှာ လျင်မြန်စွာ အောင်ပန်းဆွတ်နိုင်ခဲ့ခြင်းဖြစ်သည်။ ကွန်မြူနစ်ဝါဒသို့ ရှေးရှုနေသော ဆိုရှယ်လစ်အစိုးရအား လည်း ရုရှားနိုင်ငံမှ အကူအညီများပေးခဲ့သော်လည်း ဖက်ဆစ်နိုင်ငံများကဲ့သို့ ထိရောက်ခြင်း မရှိချေ။ နိုင်ငံအသီးသီးမှ အပျော်တမ်းတပ်သားများသည်လည်း အပြည်ပြည်ဆိုင်ရာ တပ်မဟာ ဖွဲ့စည်းကာ အစိုးရဘက်မှ ပါဝင်ကူညီတိုက်ခိုက်ခဲ့ပါသည်။

၁၈။ စပိန်နိုင်ငံအစိုးရမှာ ဖက်ဆစ်အာဏာရှင်အစိုးရဖြစ်ပြီး ဗိုလ်ချုပ်ဖရန်ကိုသည် နိုင်ငံ၏ ခေါင်းဆောင်ဖြစ်လေသည်။ ၁၉၄၇ ခုနှစ်တွင် အမျိုးသားကွန်ဂရက် လွှတ်တော်သည် ဖရန်ကို ကွယ်လွန်သောအခါ စပိန်နိုင်ငံသည် ဘုရင့်အစိုးရ အုပ်ချုပ်သောနိုင်ငံ ဖြစ်လာရမည်ဟူသော ဥပဒေတစ်ရပ်ကို ပြဋ္ဌာန်းခဲ့ပြီး ထိုဥပဒေအရ ကွန်ဂရက်သည် ဘုရင်ကို ရွေးကောက်တင်မြှောက် နိုင်သည်။ ဖရန်ကိုသည် နိုင်ငံ၏အဓိပတိသာမဟုတ်ဘဲ နိုင်ငံရှိ တစ်ခုတည်းသောနိုင်ငံရေးပါတီ ဖြစ်သည့် ဖါးလန်းပါတီ၏ ခေါင်းဆောင်လည်းဖြစ်သည်။ ထိုပါတီကို အဖွဲ့ဝင် ၁၀၃ ဦး ပါဝင် သော အမျိုးသားကောင်စီမှ ကြိုးကိုင်ပြီး အုပ်ချုပ်ရေးတွင် ဖရန်ကိုအား ဝန်ကြီး ၁၂ ဦး ပါဝင် သော အစိုးရအဖွဲ့က ကူညီသည်။ ကောတေးခေါ် ဥပဒေပြုလွှတ်တော်တွင် ဥပဒေပြုနိုင်ခွင့် အာဏာရှိသော်လည်း နိုင်ငံအဓိပတိ၏လက်အောက်ခံဖြစ်သည်။ ယင်းလွှတ်တော်အဖွဲ့ဝင် အချို့ ကိုသာရွေးကောက်ရသည်။ အဖွဲ့ဝင်များမှာ ကက်ဗိနက်အဖွဲ့ဝင် ၁၃ ဦး၊ ဖားလန်းပါတီ အမျိုးသားကောင်စီလူကြီး ၁၀၃ ဦး၊ တက္ကသိုလ်ကျောင်း ၁၂ ကျောင်းမှ အုပ်ချုပ်ရေးမှူး ၁၂ ဦး၊ လုပ်ငန်းဆိုင်ရာကိုယ်စားလှယ်များ၊ မြို့ကြီးပြည်နယ်ကြီးများမှ ကိုယ်စားလှယ်များ ဖြစ်လေသည်။ ပြည်နယ်တိုင်းတွင် သက်ဆိုင်ရာ ဆောင်ရွက်ခွင့်ရသော အုပ်ချုပ်ရေးအဖွဲ့အသီးသီးရှိသည်။

၁၉။ ၁၉၃၆ ခုနှစ် ဇူလိုင်လ၊ ၁၇ ရက်နေ့မှစကာ ဖြစ်ပွားခဲ့သော စပိန်ပြည်တွင်းစစ်သည် ၃ နှစ်နီးပါးမျှ ကြာရှည်ကာ လူပေါင်း ၃ သိန်းကျော်ကို သေဆုံးစေခဲ့သည်။ ထိုသေဆုံးသူများအနက်မှ ၁ သိန်း ၂သောင်းကျော်မှာ နှစ်ဖက်စစ်သည်များ၏ သတ်ဖြတ်ခြင်းခံရသည့် အပြစ်မဲ့ပြည်သူများဖြစ်သည်။ ၁၉၃၆ခုနှစ်တွင် သမ္မတမန်နျူရယ်အဇားနားဦးဆောင်သည့် အစိုးရအဖွဲ့အား မကျေနပ်သည့် အမျိုးသားရေးဝါဒီ စစ်ဗိုလ်များက အာဏာသိမ်းရန် ကြိုးပမ်းမှုမှတစ်ဆင့် နှစ်ဖက်ထောက်ခံသည့်တပ်များပါဝင်လာကာ အပြန်အလှန်တိုက်ခိုက်ကြခြင်းဖြင့် ပြည်တွင်းစစ်စတင်သည်။ ရလဒ်အဖြစ် အမျိုးသားရေးဝါဒီတို့ အောင်ပွဲခံကာ ဒုတိယမြောက် စပိန်သမ္မတနိုင်ငံ ဖျက်သိမ်းခံရပြီး စပိန်နိုင်ငံအဖြစ် ပြန်လည်ထူထောင်ခဲ့ကြသည်။

၂၀။ ၁၉၆၂ ခုနှစ်တွင် အပြည်ပြည်ဆိုင်ရာလစ်ဘရယ်ပါတီနှင့် ဥရောပကောလိပ်တို့အား တည်ထောင်သူ Salvador de Madariaga သည် ဖရန်ကို၏အုပ်ချုပ်မှုကို ဆန့်ကျင်သည့် အတိုက်အခံအဖွဲ့ဝင်များနှင့် မြူးနစ်တွင် ဥရောပလှုပ်ရှားမှုညီလာခံတွင် တွေ့ဆုံခဲ့သည်။ အဖွဲ့အစည်းအားလုံးမှ နိုင်ငံရေးလှုပ်ရှားသူ ၁၁၈ဦး တက်ရောက်ခဲ့ကြသည်။ တွေ့ဆုံမှုများအပြီးတွင် ဒီမိုကရေစီကို ဦးစားပေးဖော်ဆောင်သွားရန် ဆုံးဖြတ်ချက်ချခဲ့ကြသည်။ ၁၉၇၅ ခုနှစ်၊ နိုဝင်ဘာလတွင် ဖရန်ကို သေဆုံးခဲ့ပြီးနောက် ဂျူအန်ကားလို့စ်သည် စပိန်ဘုရင်နှင့်နိုင်ငံအကြီးအကဲအဖြစ်ဥပဒေနှင့်အညီဆက်ခံခဲ့သည်။ ၁၉၇၈ စပိန်နိုင်ငံဖွဲ့စည်းပုံအခြေခံဥပဒေအသစ်နှင့် ဒီမိုကရေစီ ပြန်လည်ဖော်ဆောင်ရေးတို့ကို အတည်ပြုနိုင်ခဲ့ပြီး နိုင်ငံသည်လည်း ဒေသများသို့ အာဏာအများစု ခွဲဝေပေးနိုင်ခဲ့ပြီး ကိုယ်ပိုင်အုပ်ချုပ်ခွင့်ရစနစ်ကို အခြေခံသော နိုင်ငံရေးအသိုက်အဝန်းကို ထူထောင်နိုင်ခဲ့သည်။

**အစိုးရနှင့် နိုင်ငံရေး**

၂၁။ စပိန်နိုင်ငံသည် ပါတီစုံဒီမိုကရေစီစနစ်ကို ကျင့်သုံးသောနိုင်ငံဖြစ်ပါသည်။ စပိန်နိုင်ငံအစိုးရသည် ဗဟိုအစိုးရဖြစ်ပြီး အုပ်ချုပ်ရေးပိုင်းကို တာဝန်ယူဆောင်ရွက်ပါသည်။ ၁၉၇၈ ဖွဲ့စည်းပုံအခြေခံဥပဒေအရ ဘုရင်သည် နိုင်ငံအကြီးအကဲဖြစ်ပြီး ဝန်ကြီးချုပ်သည် အစိုးရအဖွဲ့အကြီးအကဲဖြစ်ပါသည်။ အစိုးရအဖွဲ့တွင် ဝန်ကြီးချုပ်နှင့် ဝန်ကြီးများပါဝင်ပါသည်။ ဝန်ကြီးချုပ်သည် ဝန်ကြီးများကို တိုက်ရိုက်ခန့်ထားနိုင်ခွင့်ရှိပါသည်။ လက်ရှိဝန်ကြီးချုပ်သည် Mariano Rajoy Brey ဖြစ်ပြီး နိုင်ငံ့အကြီးအကဲသည် ဘုရင် Felipe VI ဖြစ်ပါသည်။ စပိန်နိုင်ငံတွင်

အထက်လွှတ်တော်နှင့် အောက်လွှတ်တော်ဟူ၍ လွှတ်တော် ၂ရပ်ရှိပါသည်။ ကိုယ်စားလှယ် စုစုပေါင်း ၆၁၆ ဦးရှိပြီး သက်တမ်းမှာ ၄နှစ်သက်တမ်းဖြစ်ပါသည်။

## စီးပွားရေး

၂၂။ စပိန်နိုင်ငံသည် ကမ္ဘာပေါ်တွင် (၁၄)နိုင်ငံမြောက် စီးပွားရေးတိုးတက်မှုအမြင့်မားဆုံးနိုင်ငံ ဖြစ်သည်။ နိုင်ငံ၏စုစုပေါင်းအသားတင်ထုတ်ကုန်တန်ဖိုးမှာ အမေရိကန်ဒေါ်လာ ၁.၇ ထရီလီယမ် ဖြစ်ပြီး တစ်ဦးချင်းဝင်ငွေမှာ ယူရိုငွေ ၂၆၇၀၀ ဖြစ်ပါသည်။ ဥရောပသမဂ္ဂ၊ စီးပွားရေးပူးပေါင်း ဆောင်ရွက်မှုအဖွဲ့အစည်းနှင့် ကမ္ဘာ့စားနပ်ရိက္ခာအဖွဲ့အစည်းတို့၏ အဖွဲ့ဝင်နိုင်ငံဖြစ်သည်။ အဓိက ထုတ်ကုန်မှာ ဝိုင်အရက်ဖြစ်ပြီး အခြားထုတ်ကုန်များမှာ ဖော့၊ သတ္တုများ၊ သံလွင်သီး၊ အခြား သစ်သီးများ၊ သကြား၊ သစ်၊ ကျွဲနွားတိရစ္ဆာန်များ၊ ဖန်ထည် ပစ္စည်းများ၊ မြေအိုး၊ မြေခွက်၊ သိုးမွေးနှင့် ချည်ထည်များဖြစ်သည်။ အဓိကသွင်းကုန်များမှာ အစားအသောက်များ၊ သိုး၊ ဆိတ်၊ နွားတိရစ္ဆာန်များ၊ စက်ကိရိယာများ၊ မီးသွေး၊ ဝါဂွမ်း၊ ပိတ်ချောထည်၊ မော်တော်ယာဉ်များ၊ ဆေးဝါးများစသည်တို့ဖြစ်သည်။

## ဘာသာစကားနှင့်ကိုးကွယ်ယုံကြည်မှု

၂၃။ စပိန်ဘာသာစကားကို နိုင်ငံပိုင်နက်နယ်မြေတစ်ဝန်းလုံးတွင် ပြောဆိုကြပြီး အခြားဘာသာ စကားများကို အချို့ဒေသများတွင် ပြောဆိုကြသည်။ လူဦးရေအများစုသည် ကက်သလစ်ဘာသာ ကို ကိုးကွယ်ကြသော်လည်း စပိန်ဖွဲ့စည်းပုံဥပဒေအရ လွတ်လပ်စွာ ကိုးကွယ်ယုံကြည်ခွင့်ရှိသည်။ စပိန်လူမှုရေးဆိုင်ရာသုတေသနဆန်းစစ်ချက်အရ စပိန်လူမျိုး ၇၀ ရာခိုင်နှုန်းသည် ကက်သလစ် ဘာသာဝင်များဖြစ်ပြီး ဘာသာမဲ့ ၂၆ ရာခိုင်နှုန်း၊ အခြားယုံကြည်ကိုးကွယ်မှု ၄ ရာခိုင်နှုန်းရှိသည်။

## မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီး H.E. Mr. Emilio De Miguel Calabia ၏ ကိုယ်ရေးအကျဉ်း



Mr. Emilio De Miguel Calabia ကို ၁၉၆၅ ခုနှစ်တွင် မက်ဒရစ်မြို့တွင် မွေးဖွားခဲ့ပြီး ဥပဒေဘွဲ့ရရှိခဲ့ပါသည်။ ၎င်းသည် ကမ်မရွန်မြို့၊ ဘိုလီဗီးယားနိုင်ငံ၊ ဖိလစ်ပိုင်နိုင်ငံ၊ ထိုင်းနိုင်ငံနှင့် စင်ကာပူနိုင်ငံတို့တွင် စပိန်သံတမန်ရေးရာကိုယ်စားလှယ်အဖြစ် တာဝန်ထမ်းဆောင် ခဲ့ပါသည်။ ၎င်းသည် ပစိဖိတ်၊ အရှေ့တောင်အာရှနှင့် ဖိလစ်ပိုင်အတွက် ဒါရိုက်တာလူကြီးများ အဖွဲ့ခွဲတွင် နည်းပညာအကြံပေးပညာရှင်အဖြစ်လည်း တာဝန်ယူဆောင်ရွက်ခဲ့ပြီး ၂၀၁၃ ခုနှစ်၊ ဩဂုတ်လတွင် ပစိဖိတ်၊ အရှေ့တောင်အာရှနှင့် ဖိလစ်ပိုင်အတွက် ဒုတိယညွှန်ကြားရေးမှူးချုပ်အဖြစ်လည်း တာဝန်ထမ်းဆောင်ခဲ့ပါသည်။ ၂၀၁၈ခုနှစ်တွင် မြန်မာနိုင်ငံဆိုင်ရာ စပိန်သံအမတ်ကြီးအဖြစ် စတင်တာဝန်ထမ်းဆောင်ခဲ့ပါသည်။